## မျှစ်ချို

Scientific name - *Commelina diffusa* Burm. f.

Common name - Spreading dayflower

Family - Commelinaceae






အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံ သို့မဟုတ် နှစ်ရှည်ခံပင်ပျော့မျိုးဖြစ်ပြီး ကြွပ်ဆတ်သည်။ ၁၀၀ စင်တီမီတာ အထိမြင့်သည်။ ပင်စည်သည် တုတ်ခိုင်၍ပျော့ပြီး ကိုင်းများစွာဖြာထွက်သည်။ တွားသွား၍သော်လည်းကောင်း၊ ထောင်မတ်၍သော်လည်းကောင်းပေါက်သည်။ အရွက်ထွက်ပုံမှာ ရွက်လွှဲဖြစ်ပြီး ကျယ်ပြန့်သောလုံသွားပုံရှိသည်။ ရွက်နားချောသည်။ ထိပ်ထွက် သို့မဟုတ် ကြားထွက်ပန်းခိုင်ဖြစ်ပြီး အပြာရောင်ပွင့်ချပ်သုံးခုပါရှိသည်။ နှစ်ခုသည် ကျန်တစ်ခုထက် အရွယ်ပိုကြီးသည်။ အသီးတွင် အခန်းသုံးခန်းပါရှိပြီး အစေ့ ၅ စေ့ပါသည်။ အစေ့သည် အညိုရင့်ရောင်ရှိပြီး အစေ့မျက်နှာပြင်တွင် အကြောများသည်ပိုက်ကွန်သဖွယ်ယှက်နေပြီး တစ်ဖက်တွင် ကျောရိုးစင်းပါသည်။ အစေ့အားဖြင့်သော်လည်းကောင်း၊ ပင်ပိုင်းအားဖြင့်သော်လည်းကောင်း မျိုးပွားသည်။